# အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် 2019 Novel Coronavirus (COVID–19) ကြိုတင်ကာကွယ်ရေးနှင့်ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းခဲ့ပြီး မော်တော်ယာဉ်သက်တမ်းတိုးနှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးလုပ်ငန်းများကို ၈.၆.၂၀၂၀ ရက် (တနင်္လာနေ့) မှစတင်၍ ပြန်လည်လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ လုပ်ငန်းများခေတ္တရပ်ဆိုင်းကာလအတွင်း သက်တမ်းတိုးဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် မော်တော်ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းလိုင်စင်ပိုင်ရှင်များ မနစ်နာစေရန် ပေးဆောင်ရမည့် ဒဏ်ကြေးများကို ကာလတစ်ခုသတ်မှတ်၍ ကင်းလွတ်ခွင့်ပေးခဲ့ပါသည်။

၂။ တစ်နိုင်ငံလုံးရှိ ၃/၂၀၂၀ နှင့် ၄/၂၀၂၀ ကုန်ဆုံးရက်မော်တော်ယာဉ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၅-၃-၂၀၂၀ ရက်မှ ၃၀-၄-၂၀၂၀ ရက်အတွင်း သက်တမ်းကုန်ယာဉ်မောင်းလိုင်စင်များ၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ၃၀-၃-၂၀၂၀ ရက်မှ ၃၀-၄-၂၀၂၀ ရက်အတွင်း သက်တမ်းကုန်ယဉ်မောင်းလိုင်စင်များအတွက် ယခု ၇/၂၀၂၀ လကုန်အထိ ဒဏ်ကြေးငွေကင်းလွတ်ခွင့်ပေးခဲ့ပြီး အချိန်မီသက်တမ်းတိုးလာရောက်ဆောင်ရွက်ကြရန် အသိပေးကြေညာခဲ့ပြီးလည်းဖြစ်ပါသည်။ ယခုအခါ ၇/၂၀၂၀ လ ကုန်ဆုံးရန်(၁၅)ရက်ခန့်သာ ကျန်ရှိပြီး ဖော်ပြပါ သက်တမ်းကုန်မည့်မော်တော်ယာဉ်များနှင့် ယာဉ်မောင်းလိုင်စင်များသည် ယခုလအတွင်း အပြီးသက်တမ်းတိုးမှသာ ဒဏ်ကြေးငွေကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါသဖြင့် ၇/၂၀၂၀ လမကုန်မီအပြီး အချိန်မီသက်တမ်းတိုးဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

၃။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရုံးများတွင် ယခင်က လ တစ်လ၏နောက်ဆုံး(၂)ရက်တွင် Online Booking မယူဘဲ လာရောက်သက်တမ်းတိုးနိုင်သော်လည်း ယခုအခါမည်သည့်ရက်တွင်မဆို မော်တော်ယာဉ်သက်တမ်းတိုးဆောင်ရွက်လိုပါက Online Booking ရယူ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်အပိုဒ်(၂)နှင့် အကျုံးဝင်သောမော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းလိုင်စင်ပိုင်ရှင်များအနေဖြင့် ၇/၂၀၂၀ လမကုန်မီအတွင်း Online Booking အမြန်ဆုံးရယူ၍ အချိန်မီသက်တမ်းတိုးနိုင်ပါရန် လေးစားစွာအသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**